လက်ပံဝင်းတာဆုံကျေးရွာ

ပဲခူးမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံချက်(၂၀၁၈-၂၀၂၃)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

လက်ပံဝင်းတာဆုံကျေးရွာ၊ ပဲခူးမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကကူညီရေးဆွဲသည်)

၂၀၁၉ခုနှစ်၊ ဇန်နဝါရီလ

မာတိကာ

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းစာတမ်း

အပိုင်း(၁) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

(၁) တည်နေရာနှင့် ပထဝီအနေအထား

(၂) ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

(၃) ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ

(၄) စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

(က) သီးနှံစိုက်ပျိုးရေး

(ခ) မွေးမြူရေးလုပ်ငန်း

(ဂ) ငါးလုပ်ငန်း

(ဃ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ

(င) ဘဏ်နှင့် ငွေးကြေးဆိုင်ရာဝန်ဆောင်မှု

(၅) အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(၆) ပညာရေး

(၇) ကျန်းမာရေး

(၈) ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

(၉) ကျား-မရေးရာ

(၁၀) ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ

အပိုင်း (၂) စီမံချက်ဆိုင်ရာအချက်အလက်

စီမံချက် အဆိုပြုလွှာ (၁)

စီမံချက် အဆိုပြုလွှာ (၂)

စီမံချက် အဆိုပြုလွှာ (၃)

နောက်ဆက်တွဲ

နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

နောက်ဆက်တွဲ (၃) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား

(၁) တည်နေရာအနေအထားနှင့် ပထဝီအနေအထား

တာဆုံကျေးရွာသည် ပဲခူးရန်ကုန်ကားလမ်းပေါ်တည်ရှိပြီး အုပ်ချုပ်ရေးရုံးစိုက်ရာ ပဲခူးမြို့ နှင့်ဆက်သွယ်သွားလာရလွယ်ကူသည်။ကျေးရွာတွင် မြေပြန့်ဒေသတွင်တည်ရှိပြီး အဓိကအ သက်မွေးဝမ်းကျောင်းမှာစိုက်ပျိုးရေး၊မွေးမြူရေးနှင့် စက်ရုံ၊အလုပ်ရုံလုပ်ငန်းများဖြစ်ကြသည်။ ဒေသ၏တစ်နှစ်ပျမ်းမျှ မိုးရေချိန်လက်မမှာ (၇၀)မှ(၁၀၀) ဝန်းကျင်တွင်ရှိပြီး စိုက်ပျိုးရေးလုပ်ငန်း အတွက်အသင့်အတင့်အထောက်အကူဖြစ်သည်။ကျေးရွာတည်ရှိရာသည် ကုန်းတွင်းပိုင်းတွင် တည်ရှိပြီး ဆားငန်ရေဝင်ရောက်မှုမရှိပါ။ ကျေးရွာသည် ပဲခူးရိုးမအနီးတွင်ရှိသောကြောင့် တောင် ကုန်း၊တောင်တန်းများက တောက်ဘက်နှင့်အနောက်ဘက်တွင်ဝန်းရံထားသည်။လယ်ယာမြေ များရှိသော်လည်းစပါးစိုက်ပျိုးမှုအလွန်နည်းပါးပြီး ရာသီသီးနှံနှင့် စံပယ်ပန်းစိုက်ပျိုးရေးကိုသာ အဓိကအားထားရာဖြစ်သည်။မိုးရာသီကာလ မိုးရွာသွန်းမှုများခြင်္ကတွင် ချောင်းကမ်းဘေးစိုက် ခင်းများ၌ ရေဝင်ရောက်မှု ၊ရေနစ်မြုပ်မှုရှိသော်လည်း နာရီအနည်းငယ်မျှသာဖြစ်သည်။ ကြီးမား သောရေကြီးရေလွှမ်းမှုမရှိပါ။

(၂)ရာသီဥတု နှင့်သဘာဝအရင်းအမြစ်

တာဆုံကျေးရွာသည် အနောက်ဘက်နှင့်တောင်ဘက်တို့တွင် ပဲခူးရိုးမတောင်စွယ်ကဝန်း ရံထားပြီး ၎င်းတောင်ကုန်းတောင်တန်းများမှာ စီးဆင်းလာသော သဲဝါချောင်းရိုးတစ်ခုရှိပြီး စိုက် ပျိုးရေးလုပ်ငန်းများအတွက် နွေရာသီတပေါင်းလအထိ ၎င်းချောင်းရိုးအတွင်းမှ စိုက်ပျိုးရေကိုရရှိ ပါသည်။ တန်းခူးလနှင့် ကဆုန်လများတွင် စိုက်ပျိုးရေမလုံလောက်သဖြင့် ခြံတာရာစိုက်ပျိုးမွေး မြူရေးရေလှောင်ကန်မှ စိုက်ပျိုးရေကို အကူအညီတောင်း၍စိုက်ပျိုးကြရပါသည်။ ခြံတာရာရေ လှောင်ကန်သည် ဌာနဆိုင်ရာပိုင်ရေလှောင်ကန်ဖြစ်နေသဖြင့် နှစ်စဉ်တိုင်းရေမရနိုင်ပါ။ ထိုကဲ့သို့ သောနှစ်များတွင် စိုက်ပျိုးရေးလုပ်ကိုင်သောသူများအတွက် အခက်အခဲများစွာကြုံတွေ့ရပါ သည်။

(၃) ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ

တာဆုံကျေးရွာတွင် ဖွံ့ဖြိုးရေးဆိုင်ရာအဖွဲ့အစည်း( )၊ ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ( )ဖွဲ့နှင့် ပညာရေးနှင့်ဆိုင်သော တစ်ဖွဲ့ရှိသည်။ ယင်းအဖွဲ့များအနက် ပြင်ပမှဖွဲ့စည်းပေးသော လူမှုရေးဆိုင်ရာအဖွဲ့ဖြစ်သည့် အမျိုးသမီးရေးရာအဖွဲ့နှင့် အရံမီးသတ်အဖွဲ့တို့မှာ လှုပ်ရှားဆောင် ရွက်မှုအားနည်းသည်။ သာရေးနာရေးအသင်းနှင့် ပရဟိတအသင်းတို့မှာ လူမှုရေးလုပ်ငန်းများကို

ဆောင်ရွက်လျက်ရှိပြီး လူပ်ရှားဆောင်ရွက်မှုအားကောင်းသည်။ ကျေးရွာရှိအဖွဲ့အစည်းအများစု မှာ တစ်ဖွဲ့နှင့်တစ်ဖွဲ့ကြားချိပ်ဆက်ဆောင်ရွက်မှုရှိသလို အချို့သောအဖွဲ့အစည်းများမှာ ဖွဲ့စည်း ဆိုင်ရာသဘောတရားတို့နှင့်ပတ်သက်၍ အားနည်းကျပြီး အဖွဲ့အစည်းများစွမ်းဆောင်ရည်မြှင့် တင်ရေးသင်တန်းများရရှိနိုင်ပါက ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှု ပိုမိုတိုးတက်ကောင်းမွန်လာ နိုင်ပါသည်။

(၄) စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ

(က) သီးနှံစိုက်ပျိုးရေး

တာဆုံကျေးရွာ၏ အဓိကဝင်ငွေကရစိုက်ပျိုးရေးလုပ်ငန်းသည် စံပယ်ပန်းစိုက်ပျိုး ရေးလုပ်ငန်းဖြစ်ပြီး ရာသီဥတုပေါ်အခြေခံ၍ စံပါယ်ပန်းထွက်နှုန်းသည် တစ်နှစ်ပတ်လုံး အတက် အကျရှိသည်။စံပယ်ပန်းအထွက်များသော ကာလများတွင်ကျေးရွာရှိအမျိုးသမီးအများစုသည် ပန်းခူးခြင်း၊ပန်းသီခြင်း၊ ပဲခူးမြို့သို့သွားရောက်၍ ပန်းရောင်းခြင်းလုပ်ငန်းများဖြင့် ဝင်ငွေကောင်း ကြပါသည်။ ဆင်းရဲချမ်းသာအဆင့်သက်မှတ်မှုတွင် အိမ်ထောင်စုအားလုံး၏ (၇၀)%သည်ဆင်းရဲ ၍ အလယ်အလတ်အိမ်ထောင်စုအဖြစ် (၂၀)% ရှိသည်ဟုသက်မှတ်ပြီး ချမ်းသာသည်အဆင့်ကို (၁၀)%ရှိသည်ဟု သတ်မှတ်ကြသည်။ လယ်ယာစိုက်ပျိုးသူနည်းပါးသောကြောင့် လယ်ယာသုံး စက်ကိရိယာပိုင်ဆိုင်မှုမှာ အလွန်နည်းပါးသည်။ ပန်းစိုက်ပျိုးရေးလုပ်ကိုင်သော အိမ်ထောင်စုများ အပြင်လက်သမား၊ ပန်းရံနှင့် စက်ရုံလုပ်ရုံလုပ်ငန်းများ၌ လခစားလုပ်ကိုင်နေသော လုပ်သားအိမ် ထောင်စုများလည်းရှိသည်။ ငွေချေးသောအိမ်ထောင်စုအချို့နှင့် ပန်းစိုက်ခင်းများသောအိမ် ထောင်စုတို့မှာ ငွေရေးကြေးရေး အသင့်အတင့်အဆင်ပြေကြသည်။

(ခ) မွေးမြူရေးလုပ်ငန်း

တာဆုံကျေးရွာတွင် ကြက်မွေးမြူသည့် အိမ်ထောင်စုမှာ (၂၀)%ခန့်ရှိပြီး နိုင်ငံခြား အသားတိုးကြကမွေသော အိမထောင်စုအရေအတွက်မှာ(၂)% ရှိသည်။ ဝက်မွေးမြူသူအိမ်ထောင် စုအရေအတွက်မှာ ( )ဖြစ်သည်။ မွေးမြူသူအများစုမှာ ဒေသမှဝက်မျိုးများကိုသာ မွေးမြူကြသည်။ရာသီအလိုက်ဖြစ်ပွားတက်သော တိရစ္ဆာန်ရောဂါများမှာ အထူးသဖြင့် ကြက် တုပ်ကွေးရောဂါနှင့် ဝက်နားရွက်ပြာရောဂါများ ရံဖန်ရံခါတွင် ဖြစ်တက်ပါသည်။ မြို့နယ်မွေးကု ဦးစီးဌာနမှာ ကျေးရွာသို့နည်းပညာဝန်ဆောင်မှု ရောဂါကာကွယ်ဆောင်ရွက်ပေးနိုင်မှုအားအလွန် နည်းပါးသည်။ မွေးမြူရေးဆိုင်ရာအဟန့်အတားများအနေဖြင့် ဆင်းရဲသောအိမ်ထောင်စုများမှာ လုပ်ငန်းတိုးချဲ့ဆောင်ရွက်ရန် မြေနေရာနှင့် ချေးငွေအခက်အခဲများရှိကြပါသည်။ ရွာထဲမှာ ငွေချေးသူများထံမှ ချေးငှားလျှင်အတိုးနှုန်းမှာ မြင့်မားလျက်ရှိသည်။

(ဂ)ငါးလုပ်ငန်း

တာဆုံကျေးရွာတွင် ငါးမွေးမြူရေးလုပ်ကိုင်ရန် ရေမြေနှင့် မျိုးကောင်းမျိုးသန့်ရရှိ မှုခက်ခဲသောကြောင့် ငါးမွေးမြူရေးလုပ်ငန်းမှာ အနည်းငယ်သာရှိသည်။

(ဃ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောလုပ်ငန်းများ

တာဆုံကျေးရွာတွင် နေ့စားအလုပ်များ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုများ စျေး ရောင်း၊ခေါင်းရွက်ဗျပ်ထိုး၊ အစိုးရဝန်ထမ်းနှင့် စက်ရုံအလုပ်ရုံလုပ်ကိုင်သူများရှိကြပါသည်။ အခြား သောကုန်ထုတ်လုပ်ငန်းများမရှိပါ။ လုပ်ငန်းအများစုမှာ ရာသီဥတုနှင့် အမျိုးအစားအလိုက်တွက် ခြေကိုက်မှုနည်းပါးပြီး အသင့်အတင့်အနေအထားတွင်ရှိသည်။ အချို့သောကျပမ်းအလုပ်သမား အချို့သည် ရန်ကုန်မြို့နယ်နိမိတ်အတွင်းရှိ ဆောက်လုပ်ရေးလုပ်ငန်းများတွင် နေ့စား(သို့)ပုတ်ပြတ်အဖြင့်သွားရောက်လုပ်ကိုင်သူများ၊ လုံခြုံရေးဝန်ထမ်းဖြင့် သွားရောက်လုပ်ကိုင်သူများလည်း ရှိသည်။ စက်ရုံအလုပ်ရုံ၏ လုပ်ခလစာများမှာ အခြေခံလစာ (၁၄၀၀၀၀)ကျော်မှ (၂၅၀၀၀၀)ဝန်း ကျင်ထိရရှိကြသည်။ ပန်းရံ၊ လက်သမားဆရာများ၏ လုပ်အားခမှာ ကျပ်(၁၀၀၀၀)မှ (၁၅၀၀၀) ဝန်းကျင်ထိရှိပြီး နောက်လိုက်အလုပ်သမားများမှာ ကျပ်(၆၀၀၀)မှ (၉၀၀၀)ထိရရှိကြသည်။ စံပယ်ပန်းခူးလုပ်သားတို့၏ ပန်းခူး၊ပန်းသီလုပ်ခန္ဓနှုန်းမှာ တစ်ဦးလျှင်(၂၅၀၀)မှ (၅၀၀၀)ထိ ရရှိကြာ သည်။ ကျေးရွာတွင်အလုပ်လုပ်နိုင်သော ဦးရေများပြားပြီး လူ့အရင်းအမြစ်အလားအလာကောင်း တစ်ရပ်ဖြစ်သည်။ မြို့ပေါ်တွင် အသက်မွေးဝမ်းကျောင်းသင်တန်းအချို့ကို ဝန်ဆောင်မှုပေးနိုင် သော လုပ်ငန်းများရှိသော်လည်း ဤကျေးရွာသားအများစုသည် သင်တန်းတက်ရောက်မှုနည်းပါး ကြသည်။ လုပ်ငန်းခွင်သုံးပညာ အရည်အချင်းပိုင်းတွင်လည်းအနည်းငယ်နိမ့်ကျကြပြီး ကျွမ်း ကျင်မှုအခြေခံသည့်အလုပ်အကိုင်ရရှိမှုအားနည်းသည်။

(င) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု

တာဆုံကျေးရွာတွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေထုတ်ချေးသောသူ မှာအလွန်နည်းပါးသည်။ ပုဂ္ဂလိကချေးငွေအဖွဲ့များတွင် ချေးငွေကို(၆)လမှ (၁၂)လအထိချေးယူ နိုင်ပြီး ဝိုင်းကြီးချုပ်စနစ်ဖြင့် လစဉ်အတိုးအရင်းပြန်လည်ပေးဆပ်ရေးဆိုင်ရာ နည်းလမ်းဖြင့်တင်း ကျပ်ထားသည်။ ကျေးရွာတွင် မွေးမြူရေးသမဝါယမ အသင်းမှာထုတ်ချေးပေးသောချေးငွေကို တာဆုံကျေးရွာအနောက်စုရွာနှင့် အတူတကွထုတ်ချေးထားပြီး ယခုအချိန်ခါတွင် ကျေးရွာမှသမ ချေးငွေအသင်းအဖွဲ့ဝင်မှ နုတ်ထုတ်သူများ တဖြည်းဖြည်းနည်းပါးလာသည်။

(၅) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

တာဆုံကျေးရွာသည် လွန်ခဲ့သော နှစ်ပေါင်းတစ်ရာဝန်းကျင်ခန့်က ပဲခူးတာဝင်္ဂတာ ကုန် ထုတ်လမ်းအဖြစ်ကျောက်ခင်း ကတ္တရာလမ်းအဖြစ်ရှိခဲ့ပါသည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် တွင် ကန်စတာကုမ္ပဏီနှင့် ကျေးရွာသူကျေးရွာသားများစုပေါင်း၍ ပျက်စီးနေသောကျောက်ခင်း လမ်းအရှည်ပေ (၁၃၀၀) ခန့် ကွန်ခရစ်လမ်းခင်းနိုင်ခဲ့ပါသည်။ ကျေးရွာအတွင်းရှိ လမ်းများမှာမြေသားလမ်းနှင့်ကျောက်ခင်းလမ်းများ၊ ကွန်ကရစ်လမ်းတို့များအဖြစ်ရှိကြပါသည်။ ကျေးရွာသည် ကုန်းလမ်းပို့ဆောက်ဆက်သွယ်ရေး လမ်းမဘေးတွင်တည်ရှိပြီး ကုန်းလမ်းတွင်အသုံးပြုသော ဆိုင်ကယ်၊ စက်ဘီး၊သုံးဘီးဆိုင်ကယ်၊ ကားတို့ကိုသာအသုံးပြုလျက်ရှိကြပါသည်။ကျေးရွာတွင် လျှပ်စစ်မီးကို ၂၀၁၂ခုနှစ်မှစ၍ ဆက်သွယ်ထားရှိပြီးကျေးရွာအိမ်ထောင်စုအားလုံး၏ (၉၅)% သည် လျှပ်စစ်မီးသွယ်တန်းအသုံးပြုနေကြပြီဖြစ်သည်။ ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးနှင့် အခြားဝန်ဆောင်မှုလုပ်ငန်းများအတွက် အလွယ်တကူလက်လှမ်းမီအသုံးပြုနိုင်ကြသည်။ ကျေးရွာတွင် အင်တာနက် အသုံးပြုမှုမှာ လူငယ်များမှာအများဆုံးအသုံးပြုနေကြပြီး သတင်း အချက်အလက်များနှင့် လူမှုရေးလုပ်ငန်းများအတွက် ချိတ်ဆက်အသုံးပြုနေကြသည်။ ကျေးရွာတွင်စာကြည့်တိုက်မရှိသေးသော်လည်း ဘာသာရေးနှင့် ပတ်သက်သောစာအုပ်များကို ဘုန်း တော်ကြီးကျောင်းများတွင် သွားရောက်ဖတ်ရှုနိုင်သလို ဂျာနယ်သတင်းစာများ နိုင်ငံနှင့်အဝှမ်း နေ့စဉ်ဖြစ်ပျက်နေမှုများကို အစိုးရနှင့် ပုဂ္ဂလိကရုပ်မြင်သံကြားလိုင်းများ၊ ရေဒီယိုများနှင့်မိုဘိုင်း ဖုန်းအင်တာနက် လူမှုကွန်ယက်စာမျက်နှာများပေါ်တွင် ကြည့်ရှု့လေ့လာမှတ်သားနိုင်ပါသည်။ ကျေးရွာထိပ်တွင် ယာယီဆိုင်များသုံးလေးခန်းရှိသည့် ယာယီစျေးရှိသည်။

(၆) ပညာရေး

တာဆုံကျေးရွာတွင်မူလတန်းမှစ၍ အထက်တန်းပညာရေးထိဆောက်လုပ်ထားသော ပညာရေးအဆောက်အဦးမရှိသဖြင့် ၁မိုင်ခွဲခန့်ဝေးကွာသော လက်ပံဝင်းကျေးရွာအုပ်စု အနောက် စုကျေးရွာတွင် သွားရောက်ပညာသင်ကြားကြရပါသည်။ ရွာသားများအားလုံး၏၅%မှာ စာမတတ်သူများဖြစ်သလို ၁၀%မှာ ဘုန်းတော်ကြီးသင်ပညာရေးကိုရရှိထားကြပါသည်။ မူလတန်း အောင်ရာခိုင်နှုန်းသည်လည်း မြင့်မားပါသည်။ ပညာသင်ကြားရသောနေရာသည် အလှမ်းဝေး ကွာနေသည့်အတွက် ပညာသင်ကြားရသော ကျောင်းသားကျောင်းသူများသည် အခက်အခဲများစွာကြုံတွေ့နေရပါသည်။ နိုင်ငံတော်ပညာရေးဌာန အဖွဲ့အစည်းများမှ ဤကျေးရွာတွင် မူလတန်း ကျောင်းဆောင် အဆောက်အဦးဆောက်လုပ်ပေးမည်ဆိုပါက

သူငယ်တန်းမှလေးတန်းထိ ကလေးများအတွက် ခရီးဝေးလမ်းလျှောက်သွားရသောအခက်အခဲများ အဆင်ပြေစေမည်ဖြစ်ပြီး ကျောင်းနေပျော်၍ စာတော်သည့်ကလေးများ တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားလာနိုင်ပါသည်။ ကလေးများအတွက် ဓမ္မစာပေများကို ကျေးရွာအတွင်းရှိ ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းမှ နွေရာသီကျောင်းပိတ်ရက်များတွင် ဓမ္မဒူတဓမ္မစကူးလ်ကျောင်းမှ ဆရာမများမှ လာရောက်သင် ကြားပေးပါသည်။

(၇) ကျန်းမာရေး

တာဆုံကျေးရွာတွင် ကျေးလက်ကျန်းမာရေးဆေးပေးခန်းမရှိသောကြောင့် ကျေးရွာနှင့် တစ်မိုင်ခွဲခန့် ဝေးသောသာယာအေးကျေးရွာရှိ ကျေးလက်ဆေးပေးခန်းသို့ ရံဖန်ရံခါ သွားရောက် ပြသရပြီး အဓိကအားဖြင့် ပဲခူးဆေးရုံကြီးကို မှီခိုအားထားသွားရောက်ကုသရပါသည်။ သောက် ရေအတွက် လက်နှိပ်တုံကင်နှင့် မော်တာသုံးရေတုံကင်များ တပ်ဆင်သုံးဆွဲထားကြပြီး နွေရာသီ တန်ခူး၊ကဆုန်လများမှလွဲ၍ ကျန်လများတွင်သောက်သုံးရေ ရရှိမှုလုံလောက်ပါသည်။ ချမ်းသာ သောအိမ်ထောင်စုများက အိမ်သာကျင်းကိုအုတ်ဖြင့်ဆောက်လုပ်ထားကြပြီး ၊ဆင်းရဲသောအိမ် ထောင်စုများက မြေကျင်းတူး၍ဆောက်လုပ်သုံးဆွဲကြသည်။ တစ်ရွာလုံးနီးပါး ယင်လုံအိမ်သာ ဆောက်လုပ်သုံးစွဲကြသဖြင့် ယင်ကြောင့်စပ်ဆက်ဖြစ်ပွားတက်သော ရောဂါများနည်းပါးပါသည်။

(၈) ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

တာဆုံကျေးရွာမှာ ကုန်းမြင့်ပိုင်းတွင် တည်ရှိ၍ ရေကြီးရေလွှမ်းခြင်းမှ ကင်းဝေးသည်။ ကုန်းတွင်းဒေသဖြစ်သောကြောင့် မုန်တိုင်းဘေးအန္တရာယ်နည်းပါးသည်။ တခါတရံမိုးသက်လေ ပြင်းကျရောက်သော်လည်း ကြီးမားသောပျက်စီးဆုံးရှုံးမှုမရှိပါ။ရာသီဥတုသည် တစ်နှစ်ထက်တစ် နှစ်ပိုမို ပူပြင်းလာသဖြင့် သောက်သုံးအဝီစိတွင်း ရေများမှာ နွေရာသီကာလ၌ ရေခမ်းခြောက်မှု စောလာပါသည်။ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင်လည်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများကို နားမလည်သည့်အတွက် ပလပ်စတစ်အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံများ ကို စနစ်တကျမစွန့်ပစ်ကျသဖြင့် လူသွားလမ်းပတ်ဝန်းကျင်နှင့် ချောင်းရိုးများတွင် အမှိုက်များစု ပုံနေခြင်း၊ချောင်းရိုးရှိစိုက်ပျိုးရေများ ညစ်ပတ်လာခြင်းကို ကြုံတွေ့နေရသည့်အတွက် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ အသိပေးပညာပေးလုပ်ငန်းများမြှင့်တင်ဆောင်ရွက်ပေးခြင်းနှင့် စည်ပင် သာယာအမှိုက်သိမ်းယဉ်ပဲခူး၊ရန်ကုန်လမ်းမဘေးသို့ လာရောက်သိမ်းဆည်းပေးခြင်းအား ဆောင် ရွက်ပေးသင့်ပါသည်။

၉။ ကျား/မရေးရာ

တာဆုံကျေးရွာတွင် ကျား/မဆိုင်ရာ ဆက်နွယ်မှုအနေအထားမှာ တည်ငြိမ်ကောင်း မွန်ပါသည်။ မိသားစုအတွင်း ကျား/မ တို့၏ အခန်းကဏ္ဍအသီးသီးကို ရပ်ရွာသတ်မှတ်ချက်များ အတိုင်းကျင့်သုံးကြပါသည်။ ကျားနှင့်မ အကြားပြင်းထန်သောအိမ်တွင်းအကြမ်းဖက်မှုနှင့်ခွဲခြား ဆက်ဆံခြင်းကိစ္စများမတွေ့ရပါ။

တာဆုံကျေးရွာတွင် အမျိုးသား၊ အမျိုးသမီးများသည် သာမန်အားဖြင့် ပညာရေး နှင့် အခြားနယ်ပယ်များတွင် အခွင့်အရေးတူညီစွာရရှိသည့်ဟု ယေဘုယျ ပြောနိုင်ပါသည်။ ပညာ ရေးနှင့်ဆိုင်သော ကိန်းဂဏန်းများတွင် မူလတန်း၊ အလယ်တန်းနှင့်အထက်တန်းများရှိကျား၊မ အရေအတွက်မှာ အလွန်ကွာခြားမှုမရှိသဖြင့် အမျိုးသမီးများအတွက် ပညာသင်ယူရေးဆိုင်ရာ အခွင့်အရေးမှာအမျိုးသားများနှင့်အတူတူပင်ဖြစ်ပါသည်။သို့သော်ကျေးရွာတွင်နေ့တွက် လုပ်အား ခင်္ဂေများမှာ အမျိုးသားများကပိုမိုရကြပါသည်။ ဥပမာအားဖြင့် လုပ်အားသဘာဝနှင့်အင်အား စိုက်ထုတ်ရမှုတူညီသော်လည်း အမျိုးသမီးများသည် အမျိုးသားများထက်လုပ်အားခလျော့ နည်းပြီးရကြပါသည်။

အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင် အမျိုးသမီးပါဝင်မှုတို့မှာ အလွန်လျော့နည်းလျက်ရှိ သော်လည်း အခြားလူမှုရေး အသင်းအဖွဲ့များတွင်မူ အမျိုးသမီးများပါဝင်မှု အသင့်အတင့်ရှိကြပါ သည်။ ကျား/မ တန်းတူညီမျှမှုနှင့် ပတ်သက်၍ အသိပညာပေးခြင်းများကို မြှင့်တင်ဆောင်ရွက် ပေးခြင်းဖြင့် ကျား/မ တန်းတူညီမျှမှု၊ ဖွံ့ဖြိုးမှုတို့အတွက် ပိုမိုအထောက်အပံ့ဖြစ်လာနိုင်ပါသည်။

(၁၀) ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ

တာဆုံကျေးရွာ၏ စီမံချက်အလိုက် ဦးစားပေးအစီအစဉ် များကိုဇယားဖြင့်ဖော်ပြ ထားပါသည်။ တာဆုံကျေးရွာလူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ် ဖြင့် ရွာလုံးကျွတ် အစည်းအဝေးတွင် စီမံချက် များဦးစားပေးအစီအစဉ်ကိုဖော်ထုတ်ထားပါသည်။ တချို့စီမံချက် များကိုရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊အဖွဲ့အစည်းများ နှင့် အခြား အေဂျင်စီများထံမှ နည်းပညာအကူအညီများရရှိ ရန်လည်းလိုအပ်ပါသည်။ တာဆုံကျေးရွာ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင်သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက် လုပ်ငန်း များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

စဉ်	စီမံချက်အမည်	ဦးစားပေး အဆင့်	၂၀၁၈-၂၀၁၉	၂၀၁၉-၂၀၂၀	၂၀၂၀-၂၀၂၁	၂၀၂၁-၂၀၂၂	၂၀၂၂-၂၀၂၃

၁	ကျေးရွာတွင်းရှိလမ်းများ အားဂဝံလမ်းအဆင့်မြှင့်တင်ခြင်းနှင့်ရေမြောင်းတူးဖော်ခြင်း	၁	√				
၂	ဥယျာဉ်ခြံများနှင့်ဆက်သွယ်သော ကျေးရွာအရှေ့ပိုင်လမ်းအားဂဝံလမ်းအဆင့်မြှင့်တင်ခြင်းနှင့်ရေမြောင်းတူးဖော်ခြင်း	၂		√			
၃	ကျေးရွာစာသင်ကျောင်းလမ်းအား ကွန်ကရစ်လမ်းအဆင့်မြှင့်တင်ခြင်းနှင့် ရေမြောင်းများပြုပြင်ခြင်း	၃			√		
၄	ကျေးရွာတောင်ပိုင်းလမ်းအား မြေသားလမ်းအဆင့်မြှင့်တင်ခြင်း	၄				√	
၅	ကျေးရွာတွင်းရှိလမ်းများအား ကွန်ကရစ်လမ်းအဆင့်မြှင့်တင်ခြင်းနှင့် ရေမြောင်းများပြန်လည်တူးဖော်ခြင်း	၅					√

(၁၁) ရွှေတန်ကျေးရွာ ကျေးရွာဖွံ့ဖြိုးရေးကော်မတီးစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	တာဝန်
၁	ဦးမြသိန်း		(၇/ပခန(နိုင်)၀၆၄၈၁၂)	ဥက္ကဋ္ဌ
၂	ဦးအံကြီးမောင်		(၇/ပခန(နိုင်)၂၁၄၃၃၈)	အတွင်းရေးမှူး
၃	ဦးအောင်မင်းကြည်		(၇/ပခန(နိုင်)၀၆၅၄၆၁)	ဘဏ္ဍာရေးမှူး
၄	ဦးမျိုးကို		(၇/ပခန(နိုင်)၃၆၁၅၆၂)	စာရင်းကိုင်
၅	ဦးကြွယ်ထွန်း		(၇/ပခနိုင်(၀၆၅၂၆၃)	အဖွဲ့ဝင်
၆	ဒေါ်ဌေးကြည်		(၇/ပခန(နိုင်)၀၆၄၆၇၀)	အဖွဲ့ဝင်
၇	ဦးစိုးသိန်း		(၇/ပခန(နိုင်)၂၅၇၂၈၉)	အဖွဲ့ဝင်
၈	ဦးမောင်မောင်ထွန်း		(၇/ပခန(နိုင်)၂၂၆၁၈၈)	အဖွဲ့ဝင်
၉	ဦးကျော်လွင်		(၇/ပခန(နိုင်)၀၈၄၆၄၄)	အဖွဲ့ဝင်
၁၀	ဒေါ်သောင်းနု		(၇/ပခန(နိုင်)၀၆၄၇၈၂)	အဖွဲ့ဝင်
၁၁	ဒေါ်မေဖူးလွင်		(၇/ပခန(နိုင်)-)	အဖွဲ့ဝင်

ပဲခူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မှ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (VDP)ဆောင်ရွက်မည့်

လက်ပံဝင်းကျေးရွာအုပ်စု၊ လက်ပံဝင်းတာဆုံကျေးရွာ အမျိုးသမီးအဖွဲ့ ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုဇယား

စဉ်	လက်ရှိအခြေအနေ၊ အခက်အခဲနှင့် ပြဿနာ	အခက်အခဲ၊ ပြဿနာများကို ဖြစ်စေသော အကြောင်းရင်း	ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ ဖြစ်မည့်အခြေအနေ ကောင်းများ	အတားအဆီး၊ အဟန့်အတားများ နှင့် စိန်ခေါ်မှုများ	ဖြေရှင်းရန်နည်းလမ်းများ	အကောင်အထည် ဖော်ရန် စီမံချက်များနှင့် လုပ်ငန်းများ
၁	ကလေးသူငယ်များ ပညာသင်ကြားရာ တွင်အခက်အခဲရှိခြင်း၊	ကျေးရွာမူလတန်းကျောင်းမရှိခြင်း၊ (၁မိုင်ခွဲခန့်) ဝေးသောနီးစပ်ရာကျောင်းများ သို့ ရန်ကုန်-မန္တလေးကားလမ်းမကျော်၍ တက်ရခြင်း၊	လုပ်အားရရှိမည်၊ ငွေကြေးအသင့် အတင့်ရရှိမည်။	မြေနေရာ မရှိ၊	ကျေးရွာရပ်မိ၊ ရပ်ဖ ကျေးရွာအုပ် ချုပ်ရေးမှူးတို့မှ ပညာရေးဦးစီး ဌာနနှင့်ချိတ်ဆက်ဆောင်ရွက် ခြင်း၊	ကျေးရွာရှိ ကလေးလူငယ်များ ပညာသင်ကြား နိုင်ရေးစီမံချက်မူလတန်းကျောင်းဆောက်လုပ် ခြင်း၊
၂	အမျိုးသမီးများအ ခေါင်းဆောင်နိုင်မှု စွမ်းရည် အားနည်းခြင်း	ကျေးရွာအမျိုးသမီးများ၏ စိတ်ပါဝင်စားမှုအား နည်းခြင်း၊ အမျိုးသမီးများ အသိပညာဗဟုသုတ နည်းပါခြင်း၊ အမျိုးသမီးဆိုင်ရာ အဖွဲ့အစည်းများ မရှိခြင်း	အမျိုးသမီးဆိုင်ရာ အဖွဲ့များဖွဲ့စည်းရန်နှင့် သင်တန်းများတက် ရောက်ရန်ဆန္ဒရှိခြင်း	-	ကျေးရွာရပ်မိရပ်ဖ၊ အုပ်ချုပ်ရေး မှူးတို့ပူးပေါင်း၍ဆောင်ရွက်ခြင်း	အမျိုးသမီးများ ခေါင်းဆောင်မှု အရည်အသွေး မြင့်မားလာစေရန် အမျိုးသမီးရေးရာဆိုင်ရာ အဖွဲ့အစည်းများ ဖွဲ့စည်းပြီး စွမ်းဆောင်ရည် မြင့်မားရေး သင်တန်းများ ဖွင့်လှစ်ခြင်း

ပဲခူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မှ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (VDP)ဆောင်ရွက်မည့်

လက်ပံဝင်းကျေးရွာအုပ်စု၊ လက်ပံဝင်းတာဆုံကျေးရွာ စိုက်ပျိုးမွေးမြူရေးမဟုတ်သောအဖွဲ့ ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု ဇယား

စဉ်	လက်ရှိ အခြေအနေ၊ အခက်အခဲနှင့် ပြဿနာ	အခက်အခဲ၊ ပြဿနာများကို ဖြစ်စေသော အကြောင်းရင်း	ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ ဖြစ်မည့်အခြေအနေ ကောင်းများ	အတားအဆီး၊ အဟန့်အတား များ နှင့် စိန်ခေါ် မှုများ	ဖြေရှင်းရန်နည်းလမ်းများ	အကောင်အထည်ဖော် ရန် စီမံချက်များနှင့် လုပ်ငန်းများ
၁	သန့်ရှင်းသောသောက် သုံးရေလုံလောက်မှု မရှိခြင်း	လူဦးရေ တိုးများလာခြင်း ကျေးရွာအတွင်းရှိတုံကင်များ မှာ နွေရာသီရေပျက်လပ်ခြင်း	စက်ရေတွင်းတူးဖော်ရန် လိုအပ်သောမြေနေရာ အား ပေးနိုင်ခြင်း	ကုန်ကျစရိတ် မတတ် နိုင်ခြင်း	ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း	ကျေးရွာနေရွာသူ/သား များ သန့်ရှင်းသော သောက်သုံးရေဖူလုံစွာရ ရှိစေရန် တွင်းနက် (၄")တွင်း(၁)တွင်း တူးဖော်ခြင်း
၂	ကျေးရွာသူ/သားများ ကျန်းမာရေး စောင့်ရှောက်မှုရရန်	ကျေးလက်ဆေးခန်းမရှိခြင်း ကျန်းမားရေး ဗဟုသုတအား နည်းခြင်းနီးစပ်ရာဆေးများသာ	ကျန်းမာရေးဆေးခန်း ဆောက်လုပ်ရန်မြေနေရ ာရှိ၊ လုပ်အားနှင့်ငွေကြေး	မတည်ငွေကြေး မရှိခြင်း	ကျေးရွာရပ်မိရပ်ဖ၊ ကျေးရွာအုပ် ချုပ်ရေးမှူးတို့မှ ကျန်းမာရေးဦး စီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်	ကျေးရွာသူ/သားများ အခြေခံကျန်းမာရေး စောင့်ရှောက်မှု အလွယ်တကူ လက်လှမ်း မီရန်

	အခက်အခဲရှိခြင်း	ဝယ်ယူသောက်သုံးနေရခြင်း	အသင့် အတင့်ထည့်ဝင်နိုင်ခြင်း၊		ခြင်း၊	ကျေးလက်ဆေးပေးခန်း ရရှိရန် ဆောင်ရွက်ခြင်းနှင့် ကျန်းမာရေး အသိပညာပေးဟော ပြောပွဲကျင်းပခြင်းနှင့် ရာသီအလိုက်ကာကွယ် ဆေးထိုးနှံပေးခြင်း၊
၃	ပုံမှန်ဝင်ငွေနည်း ပါးခြင်း	အလုပ်အကိုင်အခွင့်အလမ်း နည်းပါးခြင်း၊ သက်မွေးပညာ ကျွမ်းကျင်တတ်မြောက်မှု မရှိခြင်း	သက်မွေးသင်တန်းများ တက်ရောက်ရန် စိတ်ဝင်စားမှု ရှိခြင်းနှင့် သင်တန်းသားရှိခြင်း	သင်တန်းတက် ရန် ကုန်ကျစရိတ် မတတ်နိုင်ခြင်း	ကျေးရွာရပ်မိရပ်ဖ၊ အုပ်ချုပ်ရေး မှူးတို့မှ ကျေးလက်ဦးစီး ဌာန၊ သက်ဆိုင်ရာအဖွဲ့အစည်း များနှင့် ချိတ်ဆက်ဆောင် ရွက်ခြင်း	ကျေးရွာရှိလူငယ်များ အတွက် Computer သင်တန်း၊ စက်ပြင်သင်တန်း ပန်းရံသင်တန်း၊ လက်သမားသင်တန်း ဝရိန်ဆော်သင်တန်း၊ လျှပ်စစ်ပစ္စည်းပြုပြင် နည်းသင်တန်း၊ဘာသာ စကားပြောသင်တန်း အစရှိသောသက်မွေး သင်တန်းများဖွင့်လှစ် ခြင်း

ပဲခူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မှ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (VDP)ဆောင်ရွက်မည့်

လက်ပံဝင်းကျေးရွာအုပ်စု၊ လက်ပံဝင်းတာဆုံကျေးရွာ တောင်သူလယ်သမားအဖွဲ့ ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုဇယား

စဉ်	လက်ရှိအခြေအနေ၊ အခက်အခဲနှင့် ပြဿနာ	အခက်အခဲ၊ ပြဿနာများကို ဖြစ်စေသော အကြောင်းရင်း	ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ ဖြစ်မည့်အခြေအနေ ကောင်းများ	အတားအဆီး၊ အဟန့်အတားများ နှင့် စိန်ခေါ်မှုများ	ဖြေရှင်းရန်နည်းလမ်း များ	အကောင်အထည်ဖော် ရန် စီမံချက်များနှင့် လုပ်ငန်းများ
၁	ကျေးရွာအတွင်းလမ်းမိုး ရာသီတွင်ပျက်စီးခြင်း၊	ဂဝံမြေသားလမ်းဖြစ်နေသော် လည်းချိုင့်ဝှမ်းများဖြစ်နေ၍ ရေတင်နေခြင်း၊တစ်ချို့နေရာများ တွင်မြေသားလမ်းသာရှိနေခြင်း၊	ငွေကြေးထည့်ဝင်နိုင်ခြင်း လုပ်အားအသင့်အတင့်ရှိ ခြင်း၊	မတည်ငွေကြေး မရှိခြင်း၊	ကျေးရွာဖွံ့ဖြိုးရေးလမ်း ကော်မတီ ဖွဲ့စည်းခြင်း၊ ကျေးလက်လမ်းဦးစီးဌာန နှင့် ချိတ်ဆက်ဆောင်ရွက် ခြင်း၊	ကျေးရွာနေပြည်သူများရာ သီမရွေး သွားလာရေးအဆင်ပြေစေ ရန် ရွာလယ်လမ်းမကို ကွန်ကရစ်ခင်းခြင်းနှင့် ရွာအတွင်းရှိလမ်းသွယ်များ အား ကွန်ကရစ်ခင်းခြင်း
၂	စိုက်ပျိုးရေမလုံလောက် ခြင်း၊	နွေရာသီစိုက်ပျိုးသီးနှံများမှာ ကျေးရွာတွင်းရှိခြံ(၁၈၀)ထဲမှ ရေကန်ကြီးအားမှီခိုနေရခြင်း	ရေကန်ကြီးမှာ ဧရိယာ အကျယ်ကြီးဖြစ်သည့် အတွက်ရေပျက်လပ်မှု	ဦးဆောင်ညှိနှိုင်း ပေးမည့်သူမရှိခြင်း	ကျေးရွာအုပ်ချုပ်ရေးမှူးနှ င့် ရပ်မိရပ်ဖတို့ ပူးပေါင်း၍ သက်ဆိုင်ရာဌာနနှင့်ချိတ်	နွေရာသီစိုက်ပျိုးရေး လုပ်ဆောင်သူများ စိုက်ပျိုးရေလုံလောက် စွာရရှိရေးဆောင်ရွက် ခြင်း

		၎င်းရေကန်မှာ ပုဂ္ဂိုလ်ရေးအရ နွေရာသီသီးနှံများအတွက် ရေ မထုတ်ပေခြင်း	မရှိခြင်း ၊ စိုက်ပျိုးတောင်သူများမှ ရေအသုံးပြုမှု အတွက်ရေခွန်ပေးဆောင်နိုင်ခြင်း အစိုးရဌာနပိုင်ရေကန်ဖြစ်နေခြင်း		ဆက် ဆောင်ရွက်ခြင်း	
၃	တစ်နိုင်တစ်ပိုင်စီး ပွားရေးအလုပ်များ မလုပ်ကိုင်နိုင်ခြင်း	ငွေကြေးအရင်းအနှီးမရှိခြင်း မိသားစုစားဝတ်နေရေးမပြေ လည်ခြင်း	တစ်နိုင်တစ်ပိုင်စီးပွား ရေးလုပ်ငန်းလုပ်ကိုင် ရန်ဆန္ဒရှိခြင်း	-	ကျေးရွာရပ်မိရပ်ဖ၊ အုပ်ချုပ်ရေး မှူးတို့မှ အတိုးနှုန်းသက်သာ သည့် ကာလရှည်ချေးငွေရရှိ စေရန် မြို့	ကျေးရွာရှိအိမ်ထောင်စု ဝင်များ တစ်နိုင်တစ်ပိုင်စီးပွား ရေးလုပ်ငန်းလုပ် ကိုင်လာနိုင်ပြီးမိသားစု ဝင်ငွေ တိုးတက်စေရန်

					နယ်ကျေးလက်ဦးစီးဌာန ၊ မြို့နယ် သမဝါယမဦးစီးဌာန၊ သက်ဆိုင် ရာအဖွဲ့အစည်းတို့နှင့် ချိတ်ဆက် ဆောင်ရွက်ခြင်း	အတိုးနှုန်းသက်သာ သည့်ကာလရှည်ချေးငွေ ရရှိရန်ဆောင်ရွက်ခြင်း (မြစိမ်းရောင်ကျေးရွာ စီမံကိန်း၊သမဝါယမ ချေးငွေ)

ပဲခူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မှ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (VDP)ဆောင်ရွက်မည့်

လက်ပံဝင်းကျေးရွာအုပ်စု၊ လက်ပံဝင်းတာဆ လူငယ်အဖွဲ့ ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုဇယား

စဉ်	လက်ရှိအခြေအနေ၊ အခက်အခဲနှင့် ပြဿနာ	အခက်အခဲ၊ ပြဿနာများကို ဖြစ်စေသော အကြောင်းရင်း	ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ ဖြစ်မည့်အခြေအနေ ကောင်းများ	အတားအဆီး၊ အဟန့်အတားများ နှင့် စိန်ခေါ်မှုများ	ဖြေရှင်းရန်နည်းလမ်းမျ ား	အကောင်အထည်ဖော်ရန် စီမံချက်များနှင့် လုပ်ငန်းများ
၁	ကျေးရွာရှိအိမ်ထောင် စုဝင်များအားလုံးလျှပ် စစ်မီးလုံလောက်စွာ အသုံးမပြုနိုင်ခြင်း	အိမ်ထောင်စုလူဦးရေ တိုးလာခြင်းထရမ်စဖော်မာ မီးအားနည်းခြင်းဓါတ်မီး တိုင်များလုံလောက်စွာ မရှိခြင်း	လုပ်အားနှင့်ငွေကြေး အသင့်အတင့်ထည့် ဝင်နိုင်ခြင်း	ငွေကြေးမရှိခြင်း	ကျေးရွာမီးလင်းရေး ကော်မတီ ကျေးရွာအုပ်ချုပ်မှုးတို့ မှ မြို့နယ် လျှပ်စစ်ဦးစီးဌာနနှင့် ချိတ်ဆက် ဆောင်ရွက်ခြင်း	ကျေးရွာရှိအိမ်ထောင်စုဝင်များမှ လျှပ်စစ်မီး လုံလောက်စွာသုံးစွဲနိုင်ရေးစီမံချက် ထရမ်စဖော်မာအသစ်လဲလှယ်ခြင်း နှင့် ဓါတ်မီး တိုင်များတိုးချဲ့ခြင်း

ပဲခူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မှ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (VDP)ဆောင်ရွက်မည့်

ပဲခူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မှ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (VDP)ဆောင်ရွက်မည့်

လက်ပံဝင်းကျေးရွာအုပ်စု၊ လက်ပံဝင်းတာဆုံကျေးရွာမှရပ်မိရပ်ဖအဖွဲ့ ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုဇယား

စဉ်	လက်ရှိအခြေအနေ၊ အခက်အခဲနှင့် ပြဿနာ	အခက်အခဲ၊ ပြဿနာများကို ဖြစ်စေသော အကြောင်းရင်း	ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ ဖြစ်မည့်အခြေအနေ ကောင်းများ	အတားအဆီး၊ အဟန့်အတား များ နှင့် စိန်ခေါ်မှုများ	ဖြေရှင်းရန်နည်းလမ်းများ	အကောင်အထည်ဖော်ရန် စီမံချက်များနှင့် လုပ်ငန်းများ
၁	ကျေးရွာအတွင်းအမှိုက် များစွန့်ပစ်ရန်အခက်အခဲ ရှိခြင်း	အမှိုက်စွန့်ပစ်မည့်နေရာမရှိခြင်း။ မြို့နယ်စည်ပင်မှအမှိုက်သိမ်း ယာဉ်လာသည့်နေရာနှင့်ကျေးရွာ ဝေးနေခြင်း	ငွေကြေးအသင့်အတင့် ထည့်ဝင်နိုင်ခြင်း	ငွေကြေးအရင်းအ နှီးမရှိခြင်း	ကျေးရွာရပ်မိရပ်ဖ၊ အုပ်ချုပ်ရေး မှူးတို့မှ မြို့နယ်စည်ပင်သာယာ ရေးကော်မတီနှင့်ချိတ်ဆက် ဆောင်ရွက်ခြင်း	ကျေးရွာသန့်ရှင်းသာယာ ရေးစီမံချက် ၁။ စည်ပင်သာယာရေးအမှိုက် သိမ်းယာဉ်မှ ကျေးရွာထိပ်သို့လာရောက် ပေးခြင်း

ပဲခူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မှ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (VDP)ဆောင်ရွက်မည့်လက်ပံဝင်းကျေးရွာအုပ်စု၊ လက်ပံဝင်းတာဆုံကျေးရွာမှ နှစ်အလိုက်ဦးစားပေးလုပ်ငန်းလျာထားခြင်း

စဉ်	စီမံချက်အမည်	အကဲဖြတ်အမှတ်ပေးသူအဖွဲ့(၁)	အကဲဖြတ်အမှတ်ပေးသူအဖွဲ့(၂)	အကဲဖြတ်အမှတ်ပေးသူအဖွဲ့(၃)	အကဲဖြတ်အမှတ်ပေးသူအဖွဲ့(၄)	အကဲဖြတ်အမှတ်ပေးသူအဖွဲ့(၅)	စုစုပေါင်း	အဆင့်
၁	ရွာလယ်လမ်းမကို ကွန်ကရစ်ခင်းခြင်း	၁၈	၁၈	၁၈	၁၈	၁၈	၅၀	၁
၂	သောက်သုံးရေဖူလုံစွာရရှိစေရန်တွင်းနက် (၄")တွင်း(၁)တွင်း တူးဖော်ခြင်း	၉	၉	၉	၉	၉	၄၅	၂
၃	မူလတန်းကျောင်းဆောက်လုပ်ခြင်း	၈	၈	၈	၈	၈	၄၀	၃
၄	ရွာအတွင်းရှိလမ်းသွယ်များအားကွန်ကရစ်ခင်းခြင်း	၇	၇	၇	၇	၇	၃၅	၄
၅	ထရမ်စဖော်မာအသစ်လဲလှယ်ခြင်းနှင့် ဓါတ်မီးတိုင်များတိုးချဲ့ခြင်း	၆	၆	၆	၆	၆	၃၀	၅
၆	စည်ပင်သာယာရေးအမှိုက်သိမ်းယာဉ်မှ ကျေးရွာထိပ်သို့လာရောက်ပေးခြင်း	၅	၅	၅	၅	၅	၂၅	၆
၇	နွေရာသီစိုက်ပျိုးရေးလုပ်ဆောင်သူများစိုက်ပျိုးရေးလုံလောက်စွာရရှိရေး ဆောင်ရွက်ခြင်း	၄	၄	၄	၄	၄	၂၀	၇
၈	ကျေးရွာရှိအိမ်ထောင်စုဝင်များ တစ်နိုင်တစ်ပိုင်စီးပွားရေးလုပ်ငန်းလုပ်ကိုင်လာနိုင်ပြီး မိသားစုဝင်တွေ တိုးတက်စေရန်အတိုးနှုန်းသက်သာသည့် ကာလရှည်ချေးငွေရရှိရန် ဆောင်ရွက်ခြင်း (မြစိမ်းရောင်ကျေးရွာ စီမံကိန်း၊သမဝါယမချေးငွေ)	၄	၄	၄	၄	၄	၂၀	၈
၉	အမျိုးသမီးရေးရာဆိုင်ရာ အဖွဲ့အစည်းများဖွဲ့စည်းပြီး စွမ်းဆောင်ရည် မြင့်မားရေးသင်တန်းများ ဖွင့်လှစ်ခြင်း	၄	၄	၄	၄	၄	၂၀	၉
၁၀	ကျေးလက်ဆေးပေးခန်း ရရှိရန်ဆောင်ရွက်ခြင်း	၄	၄	၄	၄	၄	၂၀	၁၀
၁၁	ကျေးရွာရှိလူငယ်များအတွက် Computer သင်တန်း၊ စက်ပြင်သင်တန်းပန်းရံ သင်တန်း၊ လက်သမားသင်တန်း၀ရိန်ဆော်သင်တန်း၊လျှပ်စစ်ပစ္စည်းပြုပြင်နည်း သင်တန်း၊ဘာသာစကားပြောသင်တန်းအစရှိသောသက်မွေးသင်တန်းများဖွင့်လှစ်ခြင်း	၄	၄	၄	၄	၄	၂၀	၁၁
၁၂	ကျန်းမာရေးအသိပညာပေးဟောပြောပွဲကျင်းပခြင်းနှင့်ရာသီအလိုက်ကာကွယ် ဆေးထိုးနှံပေးခြင်း၊	၄	၄	၄	၄	၄	၂၀	၁၂

ပဲခူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မှ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (VDP)ဆောင်ရွက်မည့်

လက်ပံဝင်းကျေးရွာအုပ်စု၊ လက်ပံဝင်းတာဆုံကျေးရွာမှ ဦးစားပေးလုပ်ငန်းအဆင့်ခွဲခြား သတ်မှတ်ခြင်း

စဉ်	စီမံချက်အမည်	ဦးစားပေးအဆင့်	၂၀၁၈-၂၀၁၉	၂၀၁၉-၂၀၂၀	၂၀၂၀-၂၀၂၁	၂၀၂၁-၂၀၂၂	၂၀၂၂-၂၀၂၃
၁	ရွာလယ်လမ်း ကွန်ကရစ်ခင်းခြင်း	၁	✔				
၂	သောက်သုံးရေဖူလုံစွာရရှိစေရန်တွင်းနက် (၄")တွင်း(၁)တွင်း တူးဖော်ခြင်း	၂		✔			
၃	မူလတန်းကျောင်းဆောက်လုပ်ခြင်း	၃			✔		
၄	ရွာအတွင်းရှိလမ်းသွယ်များအားကွန်ကရစ်ခင်းခြင်း	၄				✔	
၅	ထရမ်စဖော်မာအသစ်လဲလှယ်ခြင်းနှင့် ဓါတ်မီးတိုင်များတိုးချဲ့ခြင်း	၅					✔
၆	စည်ပင်သာယာရေးအမှိုက်သိမ်းယာဉ်မှ ကျေးရွာထိပ်သို့လာရောက်ပေးခြင်း	၆	✔	✔	✔	✔	✔
၇	နွေရာသီစိုက်ပျိုးရေးလုပ်ဆောင်သူများစိုက်ပျိုးရေလုံလောက်စွာရရှိရေး ဆောင်ရွက်ခြင်း	၇	✔	✔	✔	✔	✔
၈	ကျေးရွာရှိအိမ်ထောင်စုဝင်များ တစ်နိုင်တစ်ပိုင်စီးပွားရေးလုပ်ငန်းလုပ်ကိုင်လာနိုင်ပြီး မိသားစုဝင်ငွေ တိုးတက်စေရန်အတိုးနှုန်းသက်သာသည့် ကာလရှည်ချေးငွေရရှိရန် ဆောင်ရွက်ခြင်း (မြစိမ်းရောင်ကျေးရွာ စီမံကိန်း၊သမဝါယမချေးငွေ)	၈	✔	✔	✔	✔	✔
၉	အမျိုးသမီးရေးရာဆိုင်ရာအဖွဲ့အစည်းများဖွဲ့စည်းပြီးစွမ်းဆောင်ရည်မြင့်မားရေး သင်တန်းများ ဖွင့်လှစ်ခြင်း	၉	✔	✔	✔	✔	✔
၁၀	ကျေးလက်ဆေးပေးခန်း ရရှိရန်ဆောင်ရွက်ခြင်း	၁၀		✔			
၁၁	ကျေးရွာရှိလူငယ်များအတွက်Computer သင်တန်း၊ စက်ပြင်သင်တန်း ပန်းရံသင်တန်း၊ လက်သမားသင်တန်းဝရိန်ဆော်သင်တန်း၊ လျှပ်စစ်ပစ္စည်းပြုပြင်နည်းသင်တန်း၊ဘာသာစကားပြောသင်တန်း အစရှိသောသက်မွေးသင်တန်းများဖွင့်လှစ်ခြင်း	၁၁	✔	✔	✔	✔	✔
၁၂	ကျန်းမာရေးအသိပညာပေးဟောပြောပွဲကျင်းပခြင်းနှင့်ရာသီအလိုက်ကာကွယ် ဆေးထိုးနှံပေးခြင်း၊	၁၂	✔	✔	✔	✔	✔

ffff

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၁၁	၁၀	၂၁
၁ နှစ်မှ ၄ နှစ်	၅ နှစ်အောက်ကလေးငယ်	၂၃	၁၉	၄၂
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၃၀	၂၉	၅၉
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၅၀	၅၇	၁၀၇
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၃၂၂	၃၄၁	၆၆၃
၆၅ နှစ် နှင့် အထက်	သက်ကြီးရွယ်ကြီး	၁၇	၁၇	၃၄
စုစုပေါင်း		၄၅၃	၄၇၃	၉၂၆
စုစုပေါင်း အိမ်ထောင်စု				၂၀၀

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ အသက်အုပ်စု ၁ နှစ်အောက် ဆိုသည်မှာ မွေးကင်းစ မှ အသက် (၁) နှစ်မပြည့်မီ အရွယ်၊ ၁ နှစ်မှ ၄ နှစ် ဆိုသည်မှာ အသက် (၁) နှစ်ပြည့် အရွယ်မှ (၅) နှစ်မပြည့်မီ အရွယ်၊ ၅ နှစ်မှ ၉ နှစ် ဆိုသည်မှာ အသက် (၅) နှစ်ပြည့်သည်မှ အသက် (၁၀) နှစ်မပြည့်မီ အရွယ်၊ ၁၀နှစ်မှ ၁၄ နှစ်ဆိုသည်မှာ အသက် (၁၀) နှစ်ပြည့်သည်မှ အသက် (၁၅) နှစ်မပြည့်မီ အရွယ်၊ ၁၅ နှစ်မှ ၆၄နှစ် ဆိုသည်မှာ အသက် (၁၅)နှစ်ပြည့်သည်မှ အသက် (၆၅) နှစ်မပြည့်မီ အရွယ်၊ အသက် ၆၅နှစ်နှင့် အထက် ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့် အရွယ်နှင့် ၎င်းထက် အသက်ကြီးသည့် အရွယ်များကို ဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။လက်ပံဝင်းတာဆုံ အလုပ်လုပ်နိုင်သောဦးရေများကြောင်းတွေ့ရှိရပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစု ဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၁၀၅	၂၁၆	၀	မြင့် ☐ လတ် ☐ နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☑ လတ် ☐ နိမ့် ☐
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☑
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၄	သစ်တောလုပ်ငန်း				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား /	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့်

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ဝန်ထမ်း				☐
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☑
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☑ နိမ့် ☐
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☑
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည့်)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၁၁	**လက်လီ-လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☑ နိမ့်

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
					☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☑ နိမ့် ☐
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☑
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ်ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား	၉၅	၁၇၅	၀	
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☑ နိမ့် ☐
	စုစုပေါင်း				☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ပန်းစိုက်ပျိုးခြင်း၊စပါးစိုက်ခြင်းနှင့်စက်ရုံများတွင်ဝင်ရောက်လုပ်ကိုင်ကြပါသည်။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား
ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၆၀၀၀	၅၀၀၀	၄၀၀၀	၃၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	၀	၀	၀	၀
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား	၀	၀	၀	၀
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း	နေ့စား	၀	၀	၀	၀
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	၀	၀	၀	၀
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၁၂၀၀၀	၀	၆၀၀၀	၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်း များ ပြင်ဆင်ရေး	နေ့စား	၀	၀	၀	၀
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား	၀	၀	၀	၀
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား	၀	၀	၀	၀
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	နေ့စား	၁၀၀၀၀	၇၀၀၀	၆၀၀၀	၄၀၀၀

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။
မှတ်ချက် (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)
(၂) နာရီတွက်ဖြင့်ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)
လေ့လာတွေ့ရှိချက်။ ကျား/မလုပ်အားခကို ခွဲခြားထားပါသည်။ ရှေ့ယခင်ထဲကခွဲခြားထားခြင်းဖြစ်ပါသည်။

(ဂ) သဘာဝရင်းမြစ်များ
(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ
ဇယား (၄) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်)
လယ်မြေ	၂၁၀	ကောင်း ☐ သင့် ☐ ညံ့ ☑
ယာမြေ / တောင်ယာမြေ	၁၀	ကောင်း ☐ သင့် ☐ ညံ့ ☐
ဥယျာဉ်ခြံမြေ	၀.၀၀	ကောင်း ☐ သင့် ☑ ညံ့ ☐
ကိုင်း / ကျွန်းမြေ	၀.၀၀	ကောင်း ☐ သင့် ☐ ညံ့ ☐
ဓနိတောမြေ	၀.၀၀	ကောင်း ☐ သင့် ☐ ညံ့ ☐
စားကျက်မြေ	၀.၀၀	ကောင်း ☐ သင့် ☐ ညံ့ ☐
မြေလွတ် မြေလပ်	၀.၀၀	ကောင်း ☐ သင့် ☐ ညံ့ ☐
စုစုပေါင်း	၀	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုး ကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ လယ်မြေနှင့်ယာမြေများတွင်စပါးနှင့် ပန်းများကိုသာစိုက်ပျိုးကြပါသည်။

(၈-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)	များ ☐ သင့် ☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐
ကျောက်၊ သဲ၊ ကျောက်စရစ်စသည်များ	များ ☐ သင့် ☐ နည်း ☑ မရှိ ☐	လွယ် ☑ ခက် ☐ အသုံးမပြုနိုင်ပါ ☐
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ☐ သင့် ☑ နည်း ☐ မရှိ ☐	လွယ် ☑ ခက် ☐ အသုံးမပြုနိုင်ပါ ☐
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့် ☐ နည်း ☐ မရှိ ☑	☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ခါတ်သတ္တုနှင့် သဘာဝအရင်းအမြစ်များမရှိပါ။ အုတ်၊သဲ၊ကျောက်များကို ၎င်းတို့ထွက်ရှိရာအခြားဒေသမှဝယ်ယူအသုံးပြုရပါသည်။ သဘာဝအပင်မျိုးစိတ်နှင့် သဘာဝတိရစ္ဆာန်မျိုးစိတ်များမှ ကျေးလက်ဒေသဖြစ်၍ အသင့်အတင့်ရှိပါသည်။

(ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိ သောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့် ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေး လုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၁၅	၈၀	၉၀	၁၅

ရင်းမြစ် ... (၁) **ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။**

လေ့လာတွေ့ရှိချက်။ - လက်ပံဝင်းတာဆုံကျေးရွာတွင် ကျပန်းလုပ်ကိုင်သူများစုနေထိုင်သဖြင့် ဥစ္စာဓနအဆင့်အခြေအနေ နိမ့်ကျပါသည်။

(ငါ) ထိခိုက်လွယ်မှု

(ငါ-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု	၀	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု	၀	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀
၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု	၀	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် -

(c-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ
ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်	၁	၁	၂
မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်	၀	၀	၀
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု			၁၀
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု			၅
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု			၅

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။
လေ့လာတွေ့ရှိချက်။ လက်ပံဝင်းတာဆုံကျေးရွာအတွင်း၌ မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို(၂)ဦးသာရှိပါသည်။အခြားအိမ်ထောင်စုများမှ ဆင်းရဲသော်လည်း ၎င်းတို့၏ပုံမှန်အလုပ်အကိုင်များကို သာ လုပ်ကိုင်၍ စီးပွားရေးအသင့်အတင့်ရှိပါသည်။ မုဆိုးမဦးဆောင်သည့် အိမ်ထောင်စုအနည်းငယ်ရှိသော်လည်းစီးပွားရေးအသင့်အတင့်ရှိပါသည်။

(၄-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား (အခြေအနေ)	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	
၁	စားနပ်ရိက္ခာ မဖူလုံမှု	မြင့် ☐	လတ် ☑
		နိမ့် ☐	မရှိ ☐
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	မြင့် ☐	လတ် ☑
		နိမ့် ☐	မရှိ ☐
၃	ရေကြီးခြင်း	မြင့် ☐	လတ် ☐
		နိမ့် ☑	မရှိ ☐
၄	မိုးခေါင်ခြင်း	မြင့် ☐	လတ် ☐
		နိမ့် ☐	မရှိ ☑
၅	အအေးလွန်ကဲခြင်း	မြင့် ☐	လတ် ☑
		နိမ့် ☐	မရှိ ☐
၆	မုန်တိုင်း	မြင့် ☐	လတ် ☐
		နိမ့် ☑	မရှိ ☐
၇	ငလျင်	မြင့် ☐	လတ် ☐
		နိမ့် ☑	မရှိ ☐
၈	မီးဘေး	မြင့် ☐	လတ် ☐
		နိမ့် ☑	မရှိ ☐
၉	ဆားငန်ရေဝင်မြေ	မြင့် ☐	လတ် ☐
		နိမ့် ☐	မရှိ ☑
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မြင့် ☐	လတ် ☐
		နိမ့် ☑	မရှိ ☐
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် ☐	လတ် ☐
		နိမ့် ☐	မရှိ ☑
၁၂	ငှက်ဖျားရောဂါ	မြင့် ☐	လတ် ☐
		နိမ့် ☑	မရှိ ☐
၁၃	တီဘီရောဂါ	မြင့် ☐	လတ် ☐
		နိမ့် ☑	မရှိ ☐
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် ☐	လတ် ☐
		နိမ့် ☑	မရှိ ☐
၁၅	ပြည်တွင်း ပဋိပက္ခ	မြင့် ☐	လတ် ☐
		နိမ့် ☐	မရှိ ☑
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မြင့် ☐	လတ် ☐
		နိမ့် ☑	မရှိ ☐
၁၇	လူကုန်ကူးခြင်း	မြင့် ☐	လတ် ☐

စဉ်	**ထိခိုက်လွယ်မှု** **အမျိုးအစား (အခြေအနေ)**	**ထိခိုက်လွယ်မှု** (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်)
		နိမ့် ☐ မရှိ ☑
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည်	မြင့် ☐ လတ် ☑ နိမ့် ☐ မရှိ ☐

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။
မှတ်ချက်။ ။ ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ ကျေးရွာတွင် စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်းစသည့်အခြေအနေများ ဖြစ်ပေါ်ခြင်းရှိပါက ယင်းဖြစ်စဉ်များအတွက် ကျေးရွာသူရွာသားများ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက ကျေးရွာ၏ မည်သို့သော အိမ်ထောင်စုများနှင့် အိမ်ထောင်စုမည်မျှ ထိခိုက်သက်ရောက်မှု ခံစားကြရပါသလဲ။ (ဥပမာ။ ။
အိမ်ထောင်စု ၁၀၀ တွင် ၂၅ အိမ်ထောင်စု အောက် - နိမ့်
အိမ်ထောင်စု ၁၀၀ တွင် ၂၅ မှ ၅၀ အိမ်ထောင်စု - လတ်
အိမ်ထောင်စု ၁၀၀ တွင် ၅၀ အိမ်ထောင်စု အထက် - မြင့်)
လေ့လာတွေ့ရှိချက်။ လက်ပံဝင်းတာဆုံကျေးရွာသည် မြန်မာနိုင်ငံ၏ ကုန်းကျသောအရပ်တွင်ရှိ၍ ထိခိုက်လွယ်မှုအားလုံးမရှိနိုင်ပါ။ ရာသီဥတုအပြောင်းအလဲကြောင့်သာ ၌က်ဖျားရောဂါ၊တီဘီရောဂါနှင့် ကြက်တုပ်ကွေးရောဂါတို့ အနည်းငယ်ဖြစ်တက်ပါသည်။

(၉-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁	လူငယ်	မြင့် ☐ လတ် ☑ နိမ့် ☐ မရှိ ☐
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၅	မြစ်ကမ်းဘေး နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၈	မြေနိမ့်ပိုင်း နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၉	ငါးကန်ပိုင်ရှင်များ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၁၀	လက်လုပ်လက်စားများ၊ ကျပန်းများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၁၁	လူနည်းစုလူမျိုးများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၁၂	ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၁၄	ရွှေတွင်းလုပ်သားများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၁၅	ဆေးစွဲသူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မြင့် ☐ လတ် ☐

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
		နိမ့် ☑ မရှိ ☐
၁၇	လှည့်လည်သွားလာ၍ ဈေးရောင်းသူများ	မြင့် ☐ လတ် ☑ နိမ့် ☐ မရှိ ☐
၁၈	နေရပ်ပြန် အခြေချသူများ	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၁၉	ရွှေ့ပြောင်းလုပ်သားများ	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၂၀	ကားမောင်းပြီး အသက်မွေးသူများ	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။ ကျေးရွာရှိ လူငယ်များ၊ အမျိုးသမီးဦးဆောင်သောအိမ်ထောင်စုများ စသည်တို့သည် မည်သို့သောအခြေအနေများတွင် လွယ်လွယ်ကူကူ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက မည်မျှအထိ ထိခိုက်ကြပါသနည်း။

လေ့လာတွေ့ရှိချက်။ တာဆုံကျေးရွာတွင် ထိခိုက်သက်ရောက်မှု ခံနိုင်သူအပြည့်အစုံမရှိပါ ယာ်မောင်းပြီးအသက်မွေးဝမ်းကျောင်းပြုသူများသာအနည်းငယ်ထိခိုက်နိုင်ပါသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ
(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ
(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကို သာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခု ကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၁	ဘာသာရေးအဖွဲ့အစည်း	၁ ☑ ၂ ☐ ၃ ☐	၉၀	၁၀၀	၁၉၀	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐
၂	ပရဟိတအဖွဲ့အစည်း	၁ ☐ ၂ ☑ ၃ ☐	၀	၀	၀	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐
၃		၁ ☐ ၂ ☐ ၃ ☐				ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☐ ညံ့ ☐

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခု ကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၄		၁ □ ၂ □ ၃ □				ပညာရေး □ ငွေကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခုံရေးနှင့် ကာကွယ်ရေး □	ကောင်း □ သင့် □ ညံ့ □
၅		၁ □ ၂ □ ၃ □				ပညာရေး □ ငွေကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး □	ကောင်း □ သင့် □ ညံ့ □
၆		၁ □ ၂ □ ၃ □				ပညာရေး □ ငွေကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး □	ကောင်း □ သင့် □ ညံ့ □
၇		၁ □ ၂ □ ၃ □				ပညာရေး □ ငွေကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး □	ကောင်း □ သင့် □ ညံ့ □

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား
(၁) စီးပွားရေးအခြေခံသောအုပ်စု - လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။
(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။
(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။
လေ့လာတွေ့ရှိချက်။ တာဆုံကျေးရွာတွင် ဘာသာရေးနှင့်ပရဟိတအဖွဲ့အစည်းသာ ဦးဆောင်မှုပြုပြီး အခြားအဖွဲ့အစည်းများမှ လိုအပ်ချက်အရဖွဲ့စည်းထားခြင်းဖြစ်ပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁	ပုဂ္ဂလိကချေးငွေဘဏ်	၁ ☐ ၂ ☐ ၃ ☐ ၄ ☐၅ ☐ ၆ ☐ ၇ ☑	ပညာရေး ☐ ငွေကြေး ☑ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၂	လယ်စိုက်ပျိုးရေးဘဏ်	၁ ☐ ၂ ☐ ၃ ☐ ၄ ☑၅ ☐ ၆ ☐ ၇ ☐	ပညာရေး ☐ ငွေကြေး ☑ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၃	သမဂ္ဂငွေဘဏ်	၁ ☐၂ ☐ ၃ ☐ ၄ ☑၅ ☐ ၆ ☐ ၇ ☐	ပညာရေး ☐ ငွေကြေး ☑ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၄	DRD	၁ ☐ ၂ ☐ ၃ ☐ ၄ ☐၅ ☑ ၆ ☐ ၇ ☐	ပညာရေး ☐ ငွေကြေး ☑ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၅	နာရေးကူညီမှုအသင်း	၁ ☐ ၂ ☐ ၃ ☐ ၄ ☐၅ ☐ ၆ ☑ ၇ ☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☑

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၆		၁ □ ၂ □ ၃ □ ၄ □၅ □ ၆ □ ၇ □	ပညာရေး □ ဌေကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ – ဓမ္မစကူးလ် ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ- ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှ ဒေသအကျိုး၊ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊ နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ - သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင် စသည်) တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်း မပြုပါရန်။

လေ့လာတွေ့ရှိချက်။ တာဆုံကျေးရွာတွင် ပြင်ပအဖွဲ့အစည်းအနေဖြင့် နာရေးကူညီမှုအသင်းမှ လိုအပ်ချိန် ကူညီဆောင်ရွက်ပေးပါသည်။ အခြားအသင်းအဖွဲ့များနှင့်ချိတ်ဆက်ထားခြင်းမရှိပါ။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စုအရေအတွက်	ဖွဲ့ဖြိုးရေးအမြင ်သတ်မှတ်ချက်
၁	မြေယာမဲ့	၉၅	မြေမဲ့ယာမဲ့
၂	၂.၅ ဧကအောက်	၁၀၀	ဆင်းရဲသားတောင်သူ
၃	၂.၅ ဧကမှ ၅ ဧကကြား	၂	တောင်သူငယ်
၄	၅ ဧကမှ ၁၂.၅ ဧကကြား	၃	တောင်သူလတ်
၅	၁၂.၅ ဧက အထက်	၀	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စုစုစုပေါင်း		၂၀၀	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ တာဆုံကျေးရွာတွင် မြေယာပိုင်ဆိုင်သူဦးရေမှာ မရှိသလောက်နည်းပါးသည်။ ဆင်းရဲသားတောင်သူဦးရေမှာ အနည်းငယ်ရှိပါသည်။

(၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက်(ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ရာသီအလိုက် (မှန်ရာ တစ်ခုကိုသာ ရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)
၁	ဆည်	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☑	ရှိ ☐ မရှိ ☑ မဖြေဆိုပါ☐
၂	ရေလွှဲဆည်	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☑	ရှိ ☐ မရှိ ☑ မဖြေဆိုပါ☐
၃	မြစ်ရေတင်စီမံကိန်း	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☑	ရှိ ☐ မရှိ ☑ မဖြေဆိုပါ☐
၄	ရေသွင်းမြောင်း	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☑	ရှိ ☐ မရှိ ☑ မဖြေဆိုပါ☐
၅	အဝီစိတွင်း	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☑	ရှိ ☑ မရှိ ☐ မဖြေဆိုပါ☐
၆	လက်ဝင်ရေတွင်း	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☑	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☑
၇	စိမ့်စမ်းရေ	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☑	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☑
